# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

# ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန

# လျှောက်လွှာခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ ရာထူးနေရာများအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| စဉ် | ခန့်ထားမည့်ရာထူး (လစာနှုန်း) | ပညာအရည်အချင်း | ခန့်ထားမည့် ဦးရေ |
|---|---|---|---|
| (က) | ဒု-လက်ထောက်ဦးစီးမှူး (၁၈၀,၀၀၀-၂၀၀၀-၁၉၀,၀၀၀) | တက္ကသိုလ်တစ်ခုခုမှဘွဲ့တစ်ခုခုရရှိသူ | (၄)ဦး |

၂။ လျှောက်ထားလိုသူများသည် အောက်ဖော်ပြပါ အချက်အလက်များ တင်ပြဆောင်ရွက်နိုင်သူဖြစ်ရမည်-

(က) လျှောက်ထားလိုသူများသည် လျှောက်လွှာပိတ်ရက်တွင် အသက်(၃၅)နှစ်အောက်နှင့် ဝန်ထမ်းဖြစ်ပါက အသက်(၃၈)နှစ်အောက်ဖြစ်ရမည်။

( ခ ) မဟာဘွဲ့/ပါရဂူဘွဲ့ရရှိထားသူများလည်း လျှောက်ထားနိုင်သည်။
(အဆိုပါ ဘွဲ့ရရှိသူများအား အသက် သတ်မှတ်ချက်လျှော့ပေါ့စဉ်းစားပေးမည်ဖြစ်ပါသည်)

( ဂ ) ကွန်ပျူတာအခြေခံ အသုံးပြုနိုင်သူဖြစ်ရမည်။
(အောင်လက်မှတ် တစ်ပါတည်း တင်ပြနိုင်ရမည်)

(ဃ) လျှောက်ထားလိုသူများအနေဖြင့် အနည်းဆုံး (၂)နှစ်၊ တာဝန်ထမ်းဆောင်နိုင်ရမည်ဖြစ်ပြီး တာဝန်ထမ်းဆောင်ရန် ပျက်ကွက်ပါက လျော်ကြေးငွေ ၅၀၀၀၀၀ိ/-(ကျပ်ငါးသိန်းတိတိ) တို့ကို ပေးလျော်ရမည်ဖြစ်ကြောင်း ဝန်ခံကတိလက်မှတ် ရေးထိုးရမည်ဖြစ်သည်။

( င ) အလုပ်သမားမှတ်ပုံတင်ထားသူဖြစ်ရမည်။ (ဝန်ထမ်းမဟုတ်သူများ)

( စ ) နေပြည်တော်နှင့် တောင်ကြီးရုံးခွဲတွင် တာဝန်ချထားပါက သွားရောက်တာဝန် ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင်ပါရှိသော အချက်အလက်များ ပြည့်စုံစွာဖော်ပြရမည်။ လျှောက်လွှာများကို အောက်ပါစာရွက်စာတမ်းများ ပူးတွဲလျက် ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)၊ ရုံးအမှတ် (၂)၊ နေပြည်တော်နှင့် အမှတ်(၁၂၅)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးရုံးခွဲသို့ (၂၄-၁၀-၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်-

(က) တက္ကသိုလ်ဝင်တန်း အောင်လက်မှတ်(မိတ္တူ/ဘွဲ့လက်မှတ်မိတ္တူ) (သို့မဟုတ်) အောင်မြင်ကြောင်းထောက်ခံချက်

(ခ) သက်ဆိုင်ရာမြို့နယ်ရဲစခန်းနှင့် ရပ်ကွက်ကျေးရွာ အုပ်ချုပ်ရေးမှူးများ၏ အကျင့်စာရိတ္တ ကောင်းမွန်ကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံစာမူရင်း

(လျှောက်လွှာပိတ်ရက် မတိုင်မီ (၃)လအတွင်း)

(ဂ) လျှောက်လွှာပိတ်ရက်မတိုင်မီ(၃)လအတွင်း ရိုက်ကူးထားသော လိုင်စင်ဓါတ်ပုံ(၃)ပုံ

(အင်္ကျီအဖြူရောင်၊ နောက်ခံအပြာရောင် ဓါတ်ပုံနောက်ကျောတွင် အမည်နှင့် နိုင်ငံသား စိစစ်ရေး အမှတ်ရေးသားရန်)

(ဃ) ကျန်းမာရေးကောင်းမွန်ကြောင်း ထောက်ခံချက်မူရင်း

(လျှောက်လွှာပိတ်ရက်မတိုင်မီ (၃)လအတွင်း)

(င) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ

(စ) သက်တမ်းရှိအလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဆ) ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာနဆိုင်ရာပြစ်မှု ကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)

(ဇ) စာမေးပွဲကြေး ပေးသွင်းပြီးကြောင်း အထောက်အထားမူရင်း

၄။ လျှောက်ထားသူများသည် စာမေးပွဲကြေး ကျပ် ၃၀၀၀/-(ကျပ် သုံးထောင်တိတိ)ကို နေပြည်တော်၊ မြန်မာ့စီးပွားရေးဘဏ်တွင် ဖွင့်လှစ်ထားသော ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန၊ ငွေစာရင်းအမှတ် MD 011092 သို့ ပေးသွင်းနိုင်သည်။ သတ်မှတ်ထားသော လျှောက်လွှာပုံစံကို ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၏ Website (www.ptd.gov.mm) တွင် Download ရယူနိုင်ပါသည်။

၅။ ဝန်ထမ်းများသည် မိမိတို့၏လျှောက်လွှာများကို ညွှန်ကြားရေးမှူးချုပ်၊ ဆက်သွယ်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ရုံးအမှတ်(၂)၊ နေပြည်တော်သို့ လိပ်မူ၍ သက်ဆိုင်ရာဌာနမှတစ်ဆင့် (၂၄- ၁၀- ၂၀၂၅) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်ဖြစ်ပြီး ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဝန်ကြီးဌာန၏ ခွင့်ပြုချက်နှင့် ဌာန ဆိုင်ရာ ပြစ်မှုကင်းရှင်းကြောင်း ထောက်ခံချက်(မူရင်း)အား တစ်ပါတည်းတင်ပြရမည်ဖြစ်သည်။

၆။ လျှောက်ထားသူများသည် ( ၃၁ - ၁၀ - ၂၀၂၅) ရက်နေ့တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကျွမ်းကျင်မှု စစ်ဆေးခြင်းများခံယူရမည်ဖြစ်ပါသည်။

၇။ လျှောက်လွှာနှင့်စပ်လျဉ်း၍ လျှောက်လွှာလက်ခံရန် သတ်မှတ်ထားသောရက်ထက် နောက်ကျခြင်း နှင့် စာရွက်စာတမ်းများ ပြည့်စုံခြင်းမရှိပါက အဆိုပါလျှောက်လွှာများအား လက်ခံစဉ်းစားမည်မဟုတ်ပါ။ အသေးစိတ်သိရှိလိုသော အချက်အလက်များကို ဖုန်းနံပါတ် ၀၆၇-၃၄၀၇၂၅၀၊ ၀၉-၅၄၂၁၁၀၆ နှင့် ၀၉-၄၂၄၀၀၀၆၃၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။ (အကြောင်းအမျိုးမျိုးကြောင့် နေ့ရက်၊ အချိန် ပြောင်းလဲမှုဖြစ်ပေါ်ပါက ထပ်မံအကြောင်းကြားသွားမည်ဖြစ်ပါသည်။)